# ဖြိုးဝေအောင် ပြောကြားချက်များ

၁၀–၂–၁၁ (ကြာသပတေး)

ထောင်ကို့စွ

သောကြာနေ့ ည ၇ နာရီ ထောင်မှူးသိန်းလွင်မှ ကျွန်တော့်အား မင်းကိုသီးခြားခွဲထားမယ်၊ ပစ္စည်းတွေသိမ်းဟုပြော၊ ကျွန်တော်မှ ဘယ်မှာလည်းမေးရာ (၇) တိုက် (စစ်ခွေးတိုက်) ဟုပြော၊ စစ်ခွေးတိုက်တွင် အခန်း (၁၀) ခန်းရှိပြီး၊ ကျွန်တော့်အား သီးခြားထားခြင်းဖြစ်၊ ရေချိုးချိန်ဘဲ အပြင်ထုတ်၊ ကျွန်တော်မှ ညဘက်အချိန်မရှိကြိုးနေရာရွှေ့၍ ပြောရာ၊ ထောင်မှူးမှ သူလည်းအခုမှ သိကြောင်း ပြန်ပြော၊ စစ်ခွေးတိုက် အခန်း (၂) သို့ရောက်၊ စာအုပ်များထားခွဲ့ရ၊ ဖတ်ခွင့်မရ၊

စနေနေ့မနက်တွင် ထောင်မှူးမှ ကျွန်တော့်အား မင်းကို ပြစ်ဒဏ်နဲ့ပိတ်တာ၊ ထောင်ဝင်စာ ၁ လပိတ်တယ်၊ ပါဆယ်ပဲ လက်ခံမယ်။ မင်းနေပုံထိုင်ပုံကြည့်မယ်၊ အဆင်မပြေရင်၊ ပြောတာဆိုတာ ပုံမကျရင် ထပ်တိုးမယ်ဟုပြော၊ ကျွန်တော်မှ ဘာပြစ်ဒဏ်လဲမေးရာ မင်းက တားမြစ်ထားတဲ့စကားကို ပြောတယ်ဟုပြော၊ ကျွန်တော်မှ ဘယ်စကားလုံးက ဘာတားမြစ်ချက်ကို ဖောက်ဖျက်တာလဲဟုမေးရာ –

မင်းက ဦးစီးကို ထဘီဝတ်ထား ဟု ပြောတယ်၊ ထိုစကားကို တားမြစ်ထားတဲ့ စကားနှင့် မဆိုင်ကြောင်း၊ ထိုစကားကိုပြောတာ (၁၀–၁–၁၁) နေ့ကပြောခြင်းဖြစ်ပြီး၊ လင်မယားအတွင်းစကား ပြောခြင်းဖြစ်ကြောင်း၊ ယခုပြစ်ဒဏ်က (၄–၂–၁၁) က ပေးခြင်းဖြစ်၍ ၁–လလောက်ကြာပြီးမှ ထိုသို့ ပြုလုပ်ခြင်းမှာ အဓိပ္ပါယ်မရှိကြောင်းပြော၊ မဖြစ်နိုင်သည့်အတွက် ထိုအကြောင်းပြချက်ကို လက်မခံနိုင်၊ ဦးစီးဌာန အနေဖြင့် ဒီလိုမျိုးဆုံးဖြတ်ချက်ချရာတွင် ၁–လ လောက်ကြာမှဆုံးဖြတ်တယ်၊ ဦးစီးနှင့်တွေ့မည်ဟုပြော၊ ကိုယ်တိုင်မေးပြီး၊ တဖက်သတ်အပြစ်ချတဲ့အကြောင်း၊ ထိုသို့လုပ်၍ ရ/မရ မေးမည်ဟုပြောရာ သူတို့က တင်ပြပေးမည်ဟုပြောပြီး ယနေ့တိုင်ပေးမတွေ့ပါ။ အဖြေ တိတိတကျကျ မပေးပါ။

ကျွန်တော့်ကို ပြစ်ဒဏ်ချရင်တောင် အချုပ်သားတစ်ယောက်အနေဖြင့် မွေးရာပါ အခွင့်အရေးကို ထိခိုက်၍မရ၊ သောကြာနေ့ ဘုရားရှိခိုးခွင့်မပေးလျှင်၊ ထိုသို့ အခွင့်အရေးဆုံးရှုံးခံစရာ အကြောင်း မရှိပါ။ ပြစ်ဒဏ်ချလျှင်လည်း ကျွန်တော့်ကိုဘဲ ချရမည်ဖြစ်ပြီး၊ မိသားစုအား ထိခိုက်အောင် လုပ်တာ လူ့အခွင့်အရေးကို ချိုးဖောက်ခြင်းဖြစ်၊

ထဘီဝတ်ကြောင်း စကားနှင့် ပတ်သက်၍

(၁၀–၁–၁၁) က ဦးစီးနှင့် တွေ့ရန် တောင်းဆိုခြင်းမှာ အဆောင်မှူးကို တင်ပြ၍မရသော အကျဉ်းထောင်တွင်း မတရားမှုများ ဟု ခံစားနေရသော အကြောင်းများကို တင်ပြရန်ဖြစ်၊

ထိုနေ့မတိုင်ခင်က ကျွန်တော်နေသော ၈–ခန်း အခန်းလူကြီးက လူသတ်အလောင်းဖျောက် ပြစ်မှုနှင့် သေဒဏ်ကျပြီး၊ အယူခံတွင် နှစ် (၂၀)၊ နိုင်ငံတော်မှ သက်သာခွင့်ဖြင့် (၁၀) နှစ် ကျနေသူဟုသိရပြီး၊ အခန်းလူကြီးမှ သွေးမြင်လျှင်ပိုစိတ်ကြွကြောင်း ပြောဆိုလေ့ရှိသည်။ အခန်းထဲမှ အချုပ်သား

များကို ရိုက်နှက်၊ ဆဲဆို၊ လည်ပင်းတက်နင်းခြင်းများကို မကြာခဏဆိုသလို ကျွန်တော့်ရှေ့တွင်၎င်း၊ ကွယ်ရာတွင်၎င်း၊ ပြုလုပ်လေ့ရှိသဖြင့် ကျွန်တော်မှ အနှိပ်စက်ခံရသောသူများကို တိုင်ရန်ပြောသော်လည်း၊ ၎င်းတို့မှ မတိုင်ရဲကြောင်း၊ ကျွန်တော်မှ စိတ်ပိုင်းဆိုင်ရာ ကြမ်းတမ်းတဲ့သူကို အထူးသဖြင့် လူသတ်ပုဒ်မဖြင့် ထောင်ကျထားသောလူများကို အုပ်ချုပ်ရေးပိုင်းဆိုင်ရာ တာဝန်မပေးသင့်ကြောင်း တင်ပြရာ အဆောင်မှူး ဦးသိန်းလွင် က မင်းငါတို့အုပ်ချုပ်ရေးပိုင်းကို ဝင်စွက်တာ၊ ဝင်ကန့်လန့်တိုက်တာဘဲဟု ပြော၊ ကျွန်တော်မှ မဟုတ်ကြောင်း၊ အကျဉ်းထောင်လက်စွဲဥပဒေအရ ပြောခြင်းဖြစ်ကြောင်း၊ ဥပဒေလက်စွဲကို ဆန့်ကျင်ပြီးလုပ်နေ၍ ပြောခြင်းဖြစ်ကြောင်း ပြန်ပြော၊ ဦးသိန်းလွင်က အချုပ်သားကို ပြန်၍ အခန်း လူကြီးခန့်ထား၍ မရကြောင်း၊ ခန့်ထားသော ကျသူများမှာ စာမေးပွဲဖြေဆို၍ လူကြီးများကိုယတိုင် ချထားခြင်းဖြစ်၊ ကျွန်တော်က ထောင်ထဲမှာ ထောင်ကျ ၄၀၀၀ ကျော်ရှိပြီး၊ အိပ်ဆောင် ၆ ဆောင်၊ တိုးချဲ့အပါအဝင် အခန်း ၅၀ ခန့်သာရှိ၍ အခန်းလူကြီးများကို ပြေပြေလည်လည်ဖြစ်မည့်သူများကို ခန့်သင့်ကြောင်းပြော၍ အထက်လူကြီးများကို တင်ပြချင်ကြောင်းပြောရာ တင်ပြပေးမည်ဟုပြောပြီး ထိုကိစ္စနှင့်ပတ်သက်၍ ယနေ့တိုင် ဦးစီးနှင့် တွေ့ခွင့်မရပါ။

ဦးစီးကို တင်ပြရန် အကြောင်းများထဲတွင် –

အိပ်ဆောင်အခန်းများသည် ၅၅′ × ၂၄′ သာရှိပြီး ထိုအခန်း ၁ ခန်းတွင် လူ ၁၂၀ ထည့်ထား၍ အိပ်ရာတွင် တစ်ယောက်နှင့်တစ်ယောက် ကပ်၍ အိပ်ရပြီး ကျန်းမာရေး နှင့် စိတ်ပိုင်းဆိုင်ရာများ ချို့ယွင်းနိုင်ကြောင်း၊ ထိုအခန်းများထဲတွင် အိမ်သာ နှင့် အပေါ့သွားရန်သာအဆင်ပြေပြီး တကိုယ်ရေသန့်ရှင်းရန် လက်ဆေးကန် မရှိခြင်း၊ မနက် ၅ နာရီထပြီး အိပ်ဆောင်ကို ၇း၃၀ လောက်မှ ဖွင့်တဲ့အတွက် တကိုယ်ရေသန့်ရှင်းဖို့လိုကြောင်း တင်ပြလိုတယ်။

အချုပ်သားများကို လုပ်အားပေး ဟုပြောပြီး အလုပ်ခိုင်းစေမှုများရှိသည်ကို မြင်တွေ့နေရသဖြင့် ဥပဒေနှင့် ဆန့်ကျင်နေသဖြင့် ဦးစီးအရာရှိအား မေးမြန်းရခြင်းဖြစ်ပါသည်။

ထို့ပြင် ထောင်မှူး ဦးသိန်းလွင်ကို တင်ပြရာတွင် ထောင်တွင်း အနိုင်ကျင့်မှုများ၊ လူမိုက်ကြီးစိုးမှုများ ရှိနေသဖြင့် ကျွန်တော်မှ ကြောက်သဖြင့် ဦးစီး နှင့် တွေ့ချင်ကြောင်း ပြောခဲ့ခြင်းဖြစ်၊

စစ်ခွေးတိုက်ကို အကျဉ်းသားများကို ပို့ရာတွင် လေးဘက်ထောက်သွားရပြီး ကုန်းထပါက ဟုတ်နှင့် ရိုက်ခံရကြောင်း၊ ၁၉၉၀ ခုနှစ်ချိန်ခန့်ထိ ထိုစနစ်ရှိခဲ့ကြောင်း၊ ထောင်တွင်း စကားများရှိပါသည်။ ယခု ကျွန်တော့်အား ည ၇ နာရီခန့် အချိန်ခေါ်သွားခြင်းဖြစ်သည့်အတွက် ကျွန်တော် အရိုက်မခံရသေးသည့်တိုင်အောင် အခြားအချုပ်သားများအမြင်တွင် ရိုက်ခံရသည်ဟု ထင်နိုင်ချေရှိပါသည်။

မိသားစုမှလည်း စိတ်ပူပန်မှုဖြစ်စေနိုင်ပါသည်။ ယခုလို ထောင်တွင်း မတရားမှုများ ကို ဝင်ရောက်စွက်ဖက်ပါက အပြစ်ပေးခံရမည် ဟု နမူနာပြသလိုဖြစ်ပါသည်။

တဖက်သတ်အပြစ်ပေးခြင်း၊ ကျွန်တော်၏ အခွင့်အရေးများကို ပိတ်ပင်ရန် အပြစ်ပေး ခြင်း၊ အမှုတွဲ ဖတ်ခွင့် တောင်းတာ မရခြင်း၊ လက်ရှိ တရားရင်ဆိုင်ခံနေရချိန်မှာ ဥပဒေအရ အခွင့်အရေး မရခြင်း၊ မိသားစုကိုပါ ထိခိုက်စေသည့်အတွက် အပြင်းအထန်ကန့်ကွက်ပါသည်။

× × × ၄–ရက်နေ့တွင် ကျွန်တော်၏ ဆွေမျိုးနီးစပ်တော်သူ ကျော်လေးကို ၁–ဆောင်၌ ထောင်ကျမောင်ဦးဟုဆိုသူက တုတ်နှင့်ရိုက်ရာ ခေါင်းတွင် ပေါက်ပြဲဒဏ်ရာများ၊ လက်ကျိုးဒဏ်ရာများရရှိ သဖြင့် ဆေးရုံတင်ထားရကြောင်း သိရသည်။ ထိုမောင်ဦးဆိုသူသည် တကျွန်းဒဏ်ကျခံနေရသူဖြစ်ပြီး ယခု ကဲ့သို့ မကြာခဏ ရိုက်နှက်ရန်ဖြစ်မှုများ ပြုလုပ်လေ့ရှိသူဟု သိရပါသည်။ ထို့ကြောင့် ကျွန်တော်က အဆောင်မှူးဦးသိန်းလွင်ကို ထိုကိစ္စအခြေအနေမေးမြန်းရာ ဆေးရုံတင်ထားရသည်မှာ မှန်ကြောင်း၊ လက် မကျိုးကြောင်းပြောသဖြင့် ကျွန်တော်မှ ယခုလိုမျိုး နှစ်ကြီးသမား လူမိုက်များကို သာမန်အကျဉ်းသားများ နှင့် တွဲထား၍ ယခုကဲ့သို့ ဖြစ်ရခြင်းဖြစ်ကြောင်း၊ နောက် ၁ ကြိမ်စာတင်ရင် ဒီကိစ္စကိုပါ ထည့်သွင်း တိုင်ကြားမည်ဖြစ်ကြောင်း ပြောခဲ့ပါသည်။ ထိုကဲ့သို့ပြောပြီး နာရီပိုင်းအကြာမှာ ကျွန်တော့်အား တိုက်သို့ ပို့ဆောင်ခဲ့ခြင်းဖြစ်ပါသည်။

( မိတ္တူများကို Voice၊ အလင်းတန်း၊ Eleven ဂျာနယ်တိုက်များသို့ ပို့ပေးရန်။ )

ထက်ဝေဝေအောင်

(ဖြိုးဝေဝေအောင်၏ ဦး)

ဦးကျော်ဟိုး - သို့

မြို့ပြင်ကျောင်း - စစ်တွေ၊ ဝိုက်ထဲကျောက်နေပါသည်။ မြစ်ဆုံမှာ -
ဒုတ်ကြီး၊ အလျှော်သား (ဦး - သိ - နိုက်) တို့ကို များကို အလျှော်ဦးစိ
မှ အခန်း၊ ပုံကြီး - အခန်း၊ ခုနစ်၊ ကဗျာတိုများ အဖြစ် ခရိုက်ထားပြီး
သည်။ ထိုဒုတ်ကြီး အလျှော်သားများသည် အမိုင်ကျောင်း ထိုင်ကျော်တွေ
ကြပြီး အညွှန်းသားများကို နှိပ်စက်ကြသည်။ ထိုကိစ္စများကို ကြို
မြို့ပေါ်အောက် ၁ မှ အဘောင်မှူး (ဦးသိန်းလှိုင်) ကို မေးမြန်းသောအခါ
ပြောရာ ဦးသိန်းလှိုင် မှ ထိုကိစ္စအား မမြင်ဖူးဘူးဟုဆိုသဖြင့် (ကိုဖိုး)
မှ ဦးစိ မှူး (ဦးဝင်းနိုင်) နှင့်တွေ့ဆုံမေးမြန်း ပြောသည်၊ ဦးဝင်းနိုင်
မှ အတွေ့မခံဘဲ ရှောင်နေသဖြင့် (ကိုဖိုး) မှ ထောင်ဝင်အတွေ့တွင်
ဦးစိ ထမ်း ဝင်ထားသည် ဟု ပြောသဖြင့် စစ်တွေးထိုက် ပို့ခဲ့သည်။

- အခန်း၊ ပုံကြီး (မြင့်နိုင်) မှ မှုဆိုင်သဖြင့် ခန်းကဗျာတိုပါ ဆောင်းဆော
အခန်းသား ဒုတ်ဦးကို ၄ ကြိမ် ဘောင် ဝင်ရောက်ကြသဖြင့် တစ်ဦး
မှာ နာ၊ သည် ကျွမ်းသွား များ ခန်းကြသည် အထိ ထိခိုက်ခဲ့သည်
ထိုခန်းကဗျာတို့ကို ထောင်မှူး များက ငါးချက်မှုအတွက်ပြီး
ဝိဂျူ ဒုတ်ဦးအား အချက် ၂၀ နှိပ်ပါးစက်ခဲ့သည်။

- အကျော်ဦးစိ မှ ဒုတ်ကြီးများအား အကာအကွယ်ပေးထားသည်
ထိုခုနစ်ကဗျာတိုအား အခန်းပုံကြီး မှ ဖြစ်ဒုက္ခပေးရောက်
ထောင်မှူး များကို ငွေပေးပြီ ပြန်ထုတ်ထားသည်။

(အကြောင်းသိ)

အချုပ်သားတစ်ဦး မှ